မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 7/Issue 5 / May / 2014*




ဘုရားသခင်၏ ပို့ဆောင်တော်မူသော ကျေးဇူးတော်ကြောင့် မေလ ( May ) သို့ ရောက်ရှိလာပါပြီ။ နှစ်တစ်နှစ်၏ငါးလမြောက် မေလ ( May ) မှာ မိခင်များကို ဂုဏ်ပြု၍ကျေးဇူးဆပ်ရန် အချိန်ကောင်း ဖြစ်ကြောင်းကို မမေ့ရန်၊ မေလဒုတိယအပါတ် တနင်္ဂနွေနေ့ကို မိခင်များ၏နေ့ ( Mother’s Day ) အဖြစ် သတ်မှတ်ထားပါသည်။

မိခင်များ၏နေ့တွင် မိခင်များကို ဝတ်ကျေတန်းကျေ လုပ်ရိုးလုပ်စဉ်၊ သမရိုးကျ သဘောမထားဘဲ၊ မိခင်၏ကျေးဇူးကို သိမှတ်လျက်၊ ချစ်သောစိတ်ဖြင့် မေတ္တာဖြင့် ပြုကျင့်ပါ။

မိခင်၏ကျေးဇူးသည် အလွန်နက်ရှိုင်းပါသည်။ မိခင်၏ကျေးဇူးကို သိမှတ်၍အလေးထားကြောင်း နှုတ်ဖြင့်ဖွင့်ဟပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့်ရှိသေခြင်း၊ ငွေကြေး/ပစ္စည်းပေးခြင်းဖြင့် တုန့်ပြန်နိုင်သော်ငြားလည်း၊ မိခင်တို့မည်သည် သား/သမီးများ၊ အဘဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ကို သိကျွမ်း၍၊ ပညတ်တော်ကိုကျင့်စောင့်ပြီး၊ လိမ္မာရေးခြားရှိပါလျှင် ကျေနပ်နေပါသည်။ ထိုသို့သော သား/သမီးများကို မြင်တွေ့ရလျှင် ကြည်နူးပီတိ ဖြစ်နေတတ်ပါသည်။

မိခင်၏သွန်သင်ဆုံးမမှုကို နာခံလိုက်လျှောက်ခြင်းဖြင့် သင်၏မိခင် ကျေနပ်နှစ်သက်၍ စိတ်နှင့်တွေ့သော သား/သမီးများ ဖြစ်ရန်၊ ဘုရားသခင် အလိုတော်ရှိကြောင်းကို “သင်၏မိဘ (မိခင်ဖခင်)ကို ရိုသေစွာပြုလော့”ဟူသောပညတ်တော်အားဖြင့် သိရှိနိုင်ကြောင်း ဖေါ်ပြအပ်ပါသည်။

## 2014, May Events







***Holy Communion***
05/ 04/ 2014
~~~~~~~~~~~~~~~

**Mothers’ Day Sunday**
5/ 11/ 2014
~~~~~~~~~~~~~~~

**B.C.F. Official Board Meeting**
5/ 18/ 2014
~~~~~~~~~~~~~~~

*Sunday 2:00PM*
*At*
*St. Luke’s Episcopal Church.*
*122 S. California Ave.*
*Monrovia, CA 91016*
~~~~~~~~~~~~~~~

**B.C.F. Fundraising Food fair**
5/ 17/ 2014
*Saturday 11:00 AM - 2;00 PM*
*At Swam Hall, St. Luke’s Episcopal Church.*
*122 S. California Ave. Monrovia, CA 91016*
~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

# B.C.F Food Fair

## You're invited!

## Welcome



### Place

**Swam Hall**
**Saint Luke's Episcopal Church**
**122 S. California Ave.**
**Monrovia, CA 91016**
***(Corner of E. Foothill Blvd and S. California Ave)***



### Date

**May 17, Saturday, 2014**

### Time

**10:00am - 2:00pm**



***20% of sales proceed will be donated to charity***
**(Children Care Orphanage In Myanmar)**



**☎Contact Phone No.**
***(562) 944-9091***

**💻 Contact Person**
**Fiona Ang,**
**San San Min**
**Emily Ang**
**David Ang**
**Nyi Nyi Wintin**



# B.C.F ဈေးရောင်းပွဲသို့ ဖိတ်ခေါ်ပါ၏။

လာခဲ့ပါ–ဝင်ခဲ့ပါ
**BCF** မှကြိုဆိုတာ
ရုံပုံငွေ .. ဈေးရောင်းပွဲမှာ
ဝယ်ယူ .. အားပေးကာ
စားသုံးတော်မူကြပါ၊

**Karaoke** သီဆိုကာ
အရသာမျိုးစုံစွာ
မြန်မာ့ရိုးရာ .. အစားအစာ
ထိုင်စားကြည့်မှ .. အရသာသိ
ဒါတွေအကုန်ရှိ။

၁၊ မုန့်ဟင်းခါး
၂၊ ဒံပေါက်
၃၊ ပုဇွန်ခွက်ကြော်
၄၊ စမူစာ
၅၊ အမဲအူပြုတ်
၆၊ ပဲပြုတ်၊
၇၊ နန်းကြီးသုတ်၊
၈၊ ရွှေရင်ဖာလူဒါ
၉၊ ပုသိမ်ဖာလူဒါ
၁၀၊ ကြက်သားပလာတာ
၁၁၊ ရှမ်းမုန့်ညင်းချဉ်
၁၂၊ လက်ဖက်ရည်၊
၁၃၊ သစ်သီးဖျော်ရည်
၁၄၊ ဖါလူဒါ
၁၅၊ ပျိုးပင် .. ပန်းပင်
၁၆၊ စာအုပ်ဆိုင်

°

°

°

# MAY Facts about May

According to the early Roman calendar, May was the third month. Later, the ancient Romans used January 1 for the beginning of their year, and May became the fifth month. May has always had 31 days.

Several stories are passed around to show how the month of May was named. The most widely accepted explanation is that it was named for Maia, the Roman goddess of spring and growth. Her name related to a Latin word that means *increase* or *growth*.

And the mother of 'Mercury', the winged messenger of the Gods. Yet this is disputed as before these deities featured in mythology the name *'Maius'* or '*Magius*', taken from the root '*Mag*', meaning the 'Growing month' or 'Shooting month' was used."

May is of the most beautiful months of the year in the North Temperate Zone. Usually the snow and ice are gone and the hot temperatures haven't arrived. The first garden begins to sprout in May. The wild flowers are blooming, and the trees and grasses have turned green. Wild flowers that bloom in different parts of America are the forsythia, dogwood, violets, and jack-in-the-box. Many birds have built their nests, and mother birds are sitting on the eggs, which will soon hatch.

# ဂုဏ်ပြုထိုက်သည့် မိခင်များ

'ပုခက်လွှဲသောလက်များ' ဟုတင်စားကာ အမွန်းတင်ခံရသော လက်များမှာ 'မိခင်'၏ လက်များပင် ဖြစ်ပါသည်။ သား/သမီး တို့ကို ကိုးလလွယ်၍ ဆယ်လတွင် မွေးဖွားပေးကြသော မိခင်တို့လက်များ၏ အစွမ်းကား စာကဗျာဖွဲ့ဆိုသော်လည်း မပြည့်စုံနိုင်ပါ။ သား/သမီး တို့ကို လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် လူ့လောကကြီးတွင် လူအများနှင့် ဝင်ဆန့်ရန်၊ ရင်ဆိုင်တွေ့ကြုံရမည့် လောကီရေးရာ အခက်အခဲ ပြဿနာများကို ကျော်လွှား၍ အောင်မြင်နိုင်ရန်၊ ပညာရဲရင့် ပွဲလယ်တင့်သော ဘဝမျိုးသို့ ရောက်ရှိရန်၊ သွန်သင်ဆုံးမ ပညာပေးခဲ့သော ကျေးဇူးရှင်မှာ 'မိခင်' များဖြစ်ပါသည်။ မိခင်သည် မိမိတို့၏ သားသမီးများကို ဆင်စီး၍မြင်းရံ သည်ကိုသာ မြင်ချင်ကြပါသည်။ ဤသည်ကား မိခင်တိုင်း၏ဆန္ဒ ဖြစ်ပါ၏။

သား/သမီး အများစုတို့မှာ မိစုံဖစုံနှင့် မိဘများတို့၏ မေတ္တာအရင်းခံ၍ အားပေးမှု၊ ထောက်ပံ့မှု၊ ပံ့ပိုးမှုများ ရရှိ၍၊ ကံကောင်းသူများဟု ခေါ်ဆိုနိုင်သော်လည်း အချို့ ကလေးသူငယ်များမှာ မိခင်ဖခင်၏စွန့်ပစ်ခြင်းကို ခံရကာ မိဘမဲ့အဖြစ်နှင့် တပါးသူ၏ မေတ္တာအရိပ်အောက်၌သာ ကြီးပြင်း လာရသူများလည်း မနည်းပါ။

သား/သမီး များအပေါ် ပြုရသည့် မိခင်များ၏ အိမ်ထောင်တာဝန်မှာ လွယ်မယောင်နှင့် အလွန်ခက်ခဲပါသည်။ ပုခက်လွှဲသော မိခင်တို့၏ လက်များမှာ ပျော့ပျောင်းနုနယ်လှသော်လည်း သူတို့ထမ်းဆောင် လွှဲခက်နေရသည့် တာဝန်မှာ အလွန်ပင် ကြီးမားလေးလံပါသည်။

ကျွန်မငယ်စဉ်က ကျွန်မ၏မိခင်သည် ကျွန်မအား စည်းကမ်းရှိ၍ ပညာတတ်သမီးအဖြစ် ကြီးပွားချမ်းသာသည်ကို မြင်တွေ့လို၍ စည်းကမ်းများ ချမှတ်ကာ ဆုံးမသွန်သင်မှု ပြုခဲ့ပါသည်။ ထိုအချိန်အခါက အသက်အရွယ်ငယ်သေးသဖြင့် ကျွန်မအနေနှင့် မိခင်၏ဂုဏ်ကျေးဇူးကို မသိမမြင်မိသည်မှာ အမှန်ပါ။ မိခင်ကိုချစ်သည်။ မိခင်ကိုတွယ်တာသည်။ မိခင်ကိုနွဲ့ဆိုးဆိုး ပူဆာသည်။ သို့ရာတွင် ယခုလို အရွယ်ရောက်၍ ကျွန်မကိုယ်တိုင် 'မိခင်' ဖြစ်လာသောအခါတွင် မိခင်၏ ချစ်ခြင်းမေတ္တာ ကြီးမားပုံ၊ စည်းကမ်းရှိစေလို၍ သားသမီးများကို ကြီးပွားချမ်းသာစေလို၍ ပဲ့ပြင်သွန်သင်ဆုံးမမှုများကို ပိုမို သိရှိနားလည် လာခဲ့ပါသည်။

အိမ်ထောင်စု တစ်ခုတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင် ပုခက်လွှဲသောမိခင်လက်များသည် မည်မျှအရေးပါ အရာရောက်သည်ကို သိရှိနားလည်ကာ မိခင်အမျိုးသမီးများ အားလုံးကို ကျေးဇူးတင် ဂုဏ်ပြုထိုက်ကြောင်း တင်ပြပါသည်။ ။ မဆိုရှယ်(မော်တင်လိန်း)




# ဂုဏ်ပြုပါသည် ... အမေ

လမင်းသော်တာက
သူရိန်နေမင်း .. အရှိန်အဝါကြောင့်
သာယာစွာ .. လင်းနေရတာပါ။

သားသမီးတို့လည်း
အမေ့ကျေးဇူး .. အရင်းတည်၍
လူသူတစ်လုံး .. ဖြစ်လာရတာပါ။



ဂရုဏာတရား .. ရင်မှာပိုက်လို့
မေတ္တာတရား .. အားကိုးနဲ့
အကြင်နာတရား .. လက်တွေ့ပြကာ
အဟန့်အတား .. ဟူသမျှ .. အမှုမထား
သူ့ရဲကောင်းကြီးပမာ
ထိုးကွက်ကို တိုက်စစ်ဆင်နွဲတဲ့ .. အမေ။

သားသမီးတို့ .. ရင်ဆိုင်ခက်ခဲ
ကြုံရလေသော်
ကမ္ဘာကြီးကို .. ခါးစောင်းတော်တင်
တွန်းလှန်ဖြေရှင်းတဲ့.. အမေ။




သားသမီးတို့ .. အရွယ်လွန်မြောက်
ကြီးပြင်းသည့်တိုင် .. မငြိုငြင်နိုင်
ဖြူစင်စိတ်ထားတဲ့ .. အမေ။

အမေ့မေတ္တာ .. ဂရုဏာ
အမေ့အကြင်နာ .. အနစ်နာ
အမေ့စွမ်းရည် .. အမေ့ဂုဏ်နဲ့
အမေ့လက်ရာ .. အမေ့ကျေးဇူး
ပြုလေသမျှ .. အလုံးစုံကို
ရင်မှာလှိုက်လှဲ .. ဂုဏ်ပြုပါသည်။
အမေ .. ကြားသိပါစေ။

# မြတ်သောမိခင်

သီလနှင့် ပြည့်စုံသော မိန်းမကို အဘယ်သူတွေ့ရသနည်း။ ထိုသို့သောမိန်းမသည် ပတ္တမြား
ထက်အဘိုးသာ၍ထိုက်ပေ၏။ သူမ၏ခင်ပွန်းသည်သူ့ကိုယုံ၍ဆင်းရဲခြင်းနှင့်ကင်းလွတ်မည်။
ထိုမယားသည် မိမိခင်ပွန်း အကျိုးကို မဖျက်၊ တသက်လုံးပြုစုတတ်၏။
သိုးမွေးနှင့်ဝါကို ရှာ၍၊ မိမိလက်နှင့် အလိုအလျောက် လုပ်တတ်၏။ ကုန်သည်သင်္ဘောကဲ့သို့
ဖြစ်၍၊ စားစရာကိုဝေးသောအရပ်မှ ဆောင်ခဲ့တတ်၏။ မိုဃ်းမလင်းမှီ ထလျက်၊ အိမ်သူအိမ်
သားတို့အား စားစရာကိုင်း၊ ကျွန်မတို့အား အငန်းအတာကိုင်း ပေးဝေတတ်၏။
ကောင်းမွန်စွာ ဆင်ခြင်၍၊ လယ်ကွက်ကို ဝယ်ယူတတ်၏။
ကိုယ်တိုင်လုပ်၍ ရသောငွေနှင့် စပျစ်ဥယျာဉ်ကို ပြုစုတတ်၏။
မိမိခါးကို ခွန်အားနှင့် စည်း၍၊ မိမိလက်တို့ကို သန်မြန်စေတတ်၏။
မိမိလုပ်သော ဥစ္စာကောင်းသည်ကို ရိပ်မိ၍၊ သူ၏ မီးခွက်သည် တညလုံး မသေတတ်။
ချည်ဖြစ်စေတတ်သော တန်ဆာတို့ကို ကိုယ်လက်နှင့် ကိုင်၍ လုပ်ဆောင် တတ်၏။
ဆင်းရဲသောသူတို့အား လက်ကိုဖြန့်၍၊ ငတ်မွတ်သောသူတို့အား လက်ရုံးကို ဆန့်တတ်၏။
မိုဃ်းပွင့်ကျသော်လည်း၊ မိမိအိမ်သူအိမ်သားတို့အတွက် မစိုးရိမ်။
အိမ်သူအိမ်သားအပေါင်းတို့သည် ကတ္တီပါနီကိုဝတ်ကြ၏။
ကိုယ်အဘို့စောင်တို့ကို ရက်၍၊ ပိတ်ချောနှင့် မောင်းသောအထည်ကို ဝတ်တတ်၏။
သူမ၏ ခင်ပွန်းသည်လည်း မြို့တံခါးတို့၌ ပြည်သားအသက်ကြီးသူတို့နှင့် ထိုင်၍၊
ထင်ရှားသောသူ ဖြစ်ရ၏။
ချောသောအထည်အလိပ်ကို ရက်၍ ရောင်းတတ်၏။ ခါးစည်းတို့ကိုလည်း ကုန်သည်၌
ချတတ်၏။ သူလုပ်သော အထည်အလိပ်သည် ခိုင်ခံ့၍၊ လှသော အဆင်းနှင့် ပြည့်စုံသဖြင့်၊
သူသည် နောင်ကာလ၌ ဝမ်းမြောက်လိမ့်မည်။
ပညာစကားကို ပြောတတ်၍၊ မေတ္တာတရားအားဖြင့် နှုတ်မြွက်တတ်၏။
အိမ်သူအိမ်သား ပြုမူသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်း အစာကို မစားတတ်။
သူမ၏ သားသမီးတို့သည် ထ၍၊ အမိကို ကောင်းကြီးပေးတတ်ကြ၏။
သူမခင်ပွန်းကလည်း၊ လူမျိုးသမီးအများ တို့သည် ကောင်းမွန်စွာပြုကြပြီ။
သို့ရာတွင်၊ သင်သည် ထိုသူအပေါင်းတို့ကို လွန်ကဲသည်ဟု သူမကို ချီးမွမ်းတတ်၏။
ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။
လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။
ထာဝရဘုရားကို ကြောက်ရွံ့သောမိန်းမ မူကား၊ ချီးမွမ်းခြင်းကို ခံရလိမ့်မည်။
ထိုသို့သောမိန်းမကျင့်ရာ အကျိုးကိုပေးလော့။
သူမပြုသောအမှုသည် မြို့တံခါးတို့၌ သူမ၏ အသရေကို ထင်ရှားစေသတည်း။

သုတ္တံကျမ်း၊ ၃၁း ၁၀–၃၀ မှကောက်နှုတ်ချက်




# I am Grateful for my Mother

**~ By - Soe Myat Mon ~**

I am grateful for my mother.
She cleans,
she cooks,
she does a lot.
We would all starve
if no one has a mother.

She is busy all the time, yet
she has time for us
every time we're sad,
she would comfort us
every time we're sick,
She would take special care for us.

No matter what,
anytime,
anywhere,
My mother would always watch out for us.

so....

I am grateful for my mother!

so....

Thank you God for giving me
One special, great mother!
Please bless her and guide her
and help her stay healthy!

# လမ်းတလျှောက်လုံးကျူး။

## All the Way My Savior Leads me



ရှာ
ဖွေ
တင်
ပြ
သူ

John Ma

သီချင်းစာသား – Fanny J. Crosby

တေးဂီတ – Robert Lowry

ဆာလံ ၄၈း၁၄ ..... သေသည်ကာလတိုင်အောင်ငါ့တို့ကိုပို့ဆောင်တော်မူလတံ့သတည်း။

Psalm 48:14 ..... *Our God will be our guide even to the end.*

Francis Jane Cosby ခေါ် Fanny Crosby သည်ယုံကြည်ချက် အလွန်ခိုင်မာ၍၊ နာမည်ကျော်ကြားလူသိများသော ကဗျာဆရာမနှင့် ဓမ္မသီချင်းရေးသားသီကုံး စပ်ဆိုသူ ဖြစ်သည့်အပြင် American Methodist ကယ်ဆယ်ရေးလုပ်ငန်း Rescue Mission တွင် ပါဝင်လုပ်ဆောင်သူလည်းဖြစ်သည်။ သူမကို ဖွားမြင်ပြီး တစ်လခွဲအချိန်၌ – မျက်စိရောဂါ ဖြစ်သောအခါ ဒေါက်တာရမ်းကုတစ်ယောက်၏ ကုသမှုကြောင့် သူမ၏မျက်စိ ကွယ်သွားရှာသည်။ တစ်ပူပေါ် တစ်ပူဆင့်ဆိုသလို မျက်စိကွယ်ပြီး၊ များမကြာမီ ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ ဟုဆိုသလို သူမ၏ဖခင်သေဆုံးသွားရှာသည်။

မိသားစုစားဝတ်နေရေးအတွက် သူမ၏မိခင်သည် အိမ်ဖေါ်အဖြစ် အလုပ်ထွက်လုပ်ရ၏။ ဤမျက်မမြင် ကလေးမကို လူလားမြောက်အောင် ထိန်းသိမ်းကြည့်ရှု စောင့်ရှောက်ရသောတာဝန်ကြီးသည် ယုံကြည်ချက်ခိုင်မာသော ခရစ်ယာန်ဖြစ်သည့်အဖွား Eunice ၏ ပုခုံးပေါ်သို့ကျရောက်လာတော့သည်။ အဖွားဖြစ်သူသည် စိတ်ဓါတ်ကျခြင်းမရှိ၊ စိတ်ပျက်ခြင်းမရှိဘဲ၊ မျက်ကန်းမလေးကို လုပသော ပန်းကလေးများ၊ အပင်ကလေးများ၏ အကြောင်းများကို ပြောပြသည်။ ကိုင်ကြည့်ခိုင်းသည်။ မွှေးကြိုင်သောပန်းရနံ့ကို ရှူကြည့်ခိုင်းသည်။ သီချင်းဆိုသော ငှက်ကလေးများရှိရာသို့ခေါ်သွားသည်။ ရှင်းပြသည်။ နေဝင်နေထွက်အကြောင်း၊ လူမှုရေးအကြောင်း၊ အစသည်တို့ကိုလည်း စိတ်ရှည်စွာဖြင့် သင်ကြားပေးသည်။ ရာသီဥတုသာယာသောအခါ အဖွားဖြစ်သူသည် သူမကို စိမ်းလမ်းစိုပြေသော မြက်ခင်းပြင်သို့ ခေါ်သွားသည်။ မြက်ပင်ကလေးများ နှင့် သစ်ပင်ပေါင်းစုံမှ အရွက်များကို ကိုင်ကြည့်ခိုင်းသည်။ ရှင်းလင်းပေးသည်။ သင်ကြားပေးသည်။ သိပ်မကြာပါ။ သူမသည် မည်သည့်အရွက်က မည်သည့်အပင်မှ ဖြစ်ကြောင်းကို ပြောပြနိုင်သည့်အပြင် ပန်းကလေးများ၊ အပင်ကလေးများ၊ ငှက်ကလေးများ၏အမည်များကို ဖေါ်ပြနိုင်စွမ်းရှိလာသည်။

အဖွားဖြစ်သူသည် သဘာဝကို သင်ကြားပေးသည့်အပြင် သူမကို စာလည်း သင်ပေး၏။ ကဗျာရွတ်ဆိုပြသည်။ အရေးကြီးဆုံးမှာ နေ့စဉ်သမ္မာကျမ်းစာကို သူမအားဖတ်ပြ၏။ အတူတကွ ဆုတောင်းသည်။ ပြီးလျှင် သူမကို ဤသို့အားပေးသည်။ "ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်တီးရာတွင် ရည်ရွယ်ချက်နှင့်အကြံစည်တော် ရှိသည်။ တခါတရံတွင် ဤအကြံအစည်တော်ကို လူ့အသိဉာဏ်နှင့် နားလည်နိုင်ချင်မှနားလည်မည်။ သမီးမျက်စိကန်းပေမဲ့ တနေ့ ဘုရားသခင်၏ အကြံအစည်တော်ကို နားလည်လာလိမ့်မယ်။" မျက်မမြင်သူငယ်မလေး Fanny ကို ခိုင်မြဲသော ခရစ်ယာန်ယုံကြည်ခြင်း အခြေခံအုတ်မြစ်သဘောတရားကို ရအောင်၊ စာတတ်အောင်၊ လိမ္မာရေးခြားရှိအောင်၊ လူလားမြောက်အောင် အဖွားဖြစ်သူက ပြုစုကျွေးမွေး စောင့်ရှောက်ပျိုးထောင် သွန်သင်ဆုံးမပေးနိုင်ခဲ့သည်။

သူမသည် ရှစ်နှစ်သမီးအရွယ်ကတည်းက ကဗျာစပ်တတ်သည်။ မိခင်နှင့်အဖွားတို့၏ အားပေးကူညီမှုကြောင့် အသက် ၁၀ နှစ်ကျော် အရွယ်မှစ၍ သူမသည် တပါတ်လျှင် ကျမ်းစာအခန်းကြီးငါးခန်းကို အဖွားအကူအညီဖြင့် အလွတ်ကျက်မှတ်သည်။ ဓမ္မကျမ်းဟောင်း၏ပထမငါးခန်း၊ ဆာလံကျမ်း၊ သုတ္တံကျမ်း၊ ရှောလမုန်သီချင်း နှင့် ခရစ်ဝင်ကျမ်းလေးကျမ်းတို့ကို အလွတ်ရသည်ဟု မှတ်တမ်းများအရ သိရပါသည်။ အခြားမြင်နိုင်သော ခလေးများကဲ့သို့ ကျောင်းမတက်နိုင်သောကြောင့် ဝမ်းနည်းကြေကွဲသောအခါ သူမအလွတ်ရသော ကျမ်းပိုဒ်များသည် သူမကို ပြန်လည်ရွှင်လန်းဝမ်းမြောက် အားတက်စေပါသည်။

အခြားခလေးများကဲ့သို့ ကျောင်းတက်နိုင်ရန်လည်း သူမသည် အသဲထဲရင်ထဲမှ နေ၍ လှိုက်လှိုက်လှဲလှဲ ဆုတောင်းသည်။ ဆုတောင်းသည့်အတိုင်း သူမသည် New York မျက်မမြင်ကျောင်းတွင် ပညာသင်ကြားခွင့်ရလိုက်သည်။ ကျောင်းတက်စဉ် သူမသည် ကဗျာဆက်ရေးသည်။ ကဗျာအရေးကောင်းသောကြောင့် ချီးကျူးခံရသည်။ ချီးမြှောက်ခံရသည်။ ဘဝင်မြင့်ပြီး၊ အောက်ခြေလွတ်မသွားစေရန် သူမ၏ဆရာ Mr. Jone က ဤကဲ့သို့သတိပေးသည်။ "သမီးရေးတဲ့ ကဗျာများဟာ ကောင်းတော့ လူအများက ချီးမွမ်းကြတယ်။ သမီးဘဝင်မြင့်ပြီး အောက်ခြေလွတ်မသွားနဲ့နော်။ သမီးရေးတဲ့ကဗျာများဟာကောင်းပေမဲ့၊ ဆရာမပြ–နည်းမကျဆိုသလိုဘဲပေ့ါ။ နောက်ထပ်ကြိုးစားရင် ယခုထက် ဆယ်ပြန်မက တိုးတက် နိုင်သေးတယ်နော်။" ဖခင်ကဲ့သို့ သူမကို ဆုံးမသည့်စကားကို ရင်ဝယ်ပိုက်ပြီး Fanny သည် နှိမ့်ချစွာနဲ့ ဆရာ့ထံမှ ပညာဆက်လက်သင်ကြားဆည်းပူးသည်။ ဆရာပြတော့၊ နည်းလမ်းကျ ဆိုသလိုဘဲ သူမ၏ကဗျာအရေးအသားသည် အလွန်တိုးတက်လာ၏။

မျက်မမြင်ကျောင်းကို လာရောက်၍လေ့လာကြသော သမ္မတများ၊ မြို့တော်ဝန်များနှင့် ဧည့်သည်တော်များကို ရွတ်ဆိုပြနိုင်လောက်သည် အထိပွဲထုတ်နိုင်သည်။ ကျောင်းပြီးသွားသောအခါ သူမသည် ကျောင်း၌ နည်းပြဆရာမ အဖြစ် ပြန်လည် ထမ်းဆောင်ခွင့်ရသည်။ ကျောင်းနေဖက်ဖြစ်သော Alexander Van Alstine နှင့်အိမ်ထောင်ကျသည်။ Van သည် New York တွင် organ အကောင်းဆုံး တီးနိုင်သည်ဟု ပြောကြသည်။ ခင်ပွန်းသည် Van နှင့် ပေါင်း၍ Fanny

သည် အထူးသဖြင့် သခင်ခရစ်တော် ယေရှုကို နှလုံးသားထဲသို့ လူများဖိတ်ခေါ်ချင်လောက်အောင် တိုက်တွန်းသောသီချင်းများကို ပို၍ရေးသားလိုသည်။ သခင်ခရစ်တော်အကြောင်းကို လူအများသိစေချင်သည်။ ပြောပြချင်သည်။ သူမ၏ဘဝသည် သူမရေးသားသော ဓမ္မသီချင်းစာသားများကဲ့သို့ စိတ်အားငယ်နေသူများကို စိတ်အားတက်ကြွစေသည်။ မျက်မမြင်ဒုက္ခိတ ဖြစ်သွားရသော်လည်း သူမ၏ဘဝတွင် လူအများကို ခွန်အားရရှိစေသော ဓမ္မသီချင်းပေါင်း ရှစ်ထောင်ကျော်ကို ရေးစပ်သီဆိုနိုင်ခဲ့သည်။

သူမရေးလိုက် သောဓမ္မသီချင်းစာသားများသည် သူမ၏မျက်စိကွယ်မှုကို ကျော်လွှားအနိုင်ယူ၍ သူမကို ဘုရားသခင်က ချပေးသော ဆုကျေးဇူးတော်နှင့်အောင်မြင်ခြင်းတို့ ဖြစ်ကြောင်း ထင်ရှားသိသာ စေပါသည်။ သူမသည် သဘာဝမျက်စိဖြင့် လုံးဝမြင်နိုင်စွမ်း မရှိသော်ငြားလည်း သူမ၏နှလုံးသားဖြင့် မြင်နိုင်သည်။ လူသားများ၏ မျက်နှာ မည်ကဲ့သို့ရှိသည်ကို မမြင်နိုင်၊ မရှင်းပြနိုင်သော်လည်း သူမသည် ဘုရားသခင်၏မျက်နှာတော်ကိုမူ စိတ်နှလုံးထဲ၊ အာရုံထဲ၌ သိမြင်နားလည်သောကြောင့် စိတ်နှလုံးသားကို တို့ထိလှုပ်ရှားစေသော၊ အလွန်ခွန်အားရရှိစေသော ဓမ္မသီချင်းများ၊ ကဗျာများ၊ အရေးအသားများသည် သူမ၏နှလုံးသားထဲမှ အလိုအလျောက် ယိုစီးထွက်လာသည်ဟု မှတ်တမ်းများအရ တွေ့ရသည်။

“လမ်းတလျှောက်လုံးကျူး”ဓမ္မသီချင်းသည် သူမ၏ အထူးကဲဆုံး အကောင်းမွန်ဆုံး လက်ရာအမြောက်ဆုံး ဓမ္မသီချင်းအုပ်စုထဲမှ တစ်ပုဒ်အပါအဝင်ဖြစ်သည်။ ဤဓမ္မသီချင်းသည် တခါက သူမ ဒုက္ခရောက်သော ဖြစ်ရပ်တစ်ခု၏ ဆုတောင်းခြင်းမှ ဖြစ်ပေါ်လာသော သီချင်းတစ်ပုဒ်ဖြစ်သည်။ ငွေရေးကြေးရေး ရှန်းကန်နေရသောအချိန်၊ ငွေမရှိမဖြစ် သေရေးရှင်ရေး ငွေအလွန့်အလွန် လိုအပ်နေသောအချိန်လည်း ဖြစ်သည်။ အကြံကုန် ဉာဏ်ခန်း နောက်ဆုံး ဘာမျှမလုပ်တတ်မကိုင်တတ်သောအချိန်၌ Fanny သည် ထုံးစံအတိုင်း လုပ်နေကျအတိုင်း ဆုတောင်းသည်။ ဆုတောင်းပြီး၍ မိနစ်အနည်းငယ ်ကြာသောအခါ အလွန်ထူးဆန်းသောဖြစ်ရပ်၊ မယုံကြည်နိုင်လောက်အောင် အံ့သြဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခုဖြစ်လာသည်။

လူတစ်ယောက် ငွေလာပေးသွားသည်။ ပေးလိုက်သော ငွေတန်ဖိုးသည် ပိုလည်းမပို၊ လိုလည်းမလို၊ သူမ အရေးတကြီး လိုအပ်နေသော ပမာဏအတိအကျ ဖြစ်နေကြောင်း တွေ့ရသည်။ ဤဖြစ်ရပ်သည် ဘုရားသခင်က ဤလူကို လိုအပ်သောငွေအတိအကျ ယူလာစေရန် သူ၏စိတ်ကို တို့ထိလိုက်သည် ဟူသော ရှင်းလင်းချက် ဖြေရှင်းချက်မှလွဲ၍ အခြားမည်ကဲ့သို့မှ သူမ မရှင်းပြနိုင်။ ဤဖြစ်ရပ်မှ ဖြစ်ပေါ် လာသော သူမ၏ခံစားချက်အရ ရေးလိုက်သောကဗျာသည် ဤဓမ္မသီချင်းကို ဖန်တီးပေးလိုက်ခြင်းပင်ဖြစ်သည် ဟုပြောကြသည်။ ဤသီချင်းသည် အလွန်ဆို၍ ကောင်းသည်။ အလွန်နားထောင်၍လည်း ကောင်းသည်။ ထို့အပြင် အလွန်ခွန်အားရရှိစေသော ဓမ္မသီချင်းလည်း ဖြစ်ပါသည်။

Fanny Crosby က ဘယ်လိုပြောခဲ့ သလဲဆိုရင် – အကယ်၍ မနက်ဖြန်ခါမှာ လောကကိုပြန်လည်မြင်နိုင်စေသော မျက်စိမြင်ကွင်း ကျွန်ုပ်ကို ပြည့်စုံစွာ ပြန်လည်ပေးအပ်မည် ဟူသော ကမ်းလှမ်းချက်ကို ပေးလာခဲ့လျှင် ကျွန်ုပ်လက်ခံမည် မဟုတ်။ ဘာဖြစ်လို့လဲဆိုတော့ ဤလောက၏ရုပ်ဝတ္ထုများ၊ နာမ်ပစ္စည်းများကို ပြန်လည်မြင်တွေ့လာသောအခါ မြင်ရသောဤလောက၏စိတ်ဝင်စားမှု နှင့် အပေါ်ယံအလှအပတို့၏ ဖြားယောင်းသွေးဆောင်မှု၊ စုံစမ်းနှောက်ယှက်မှု၊ စွဲလမ်းစေသောဆွဲဆောင်မှု တို့သည် ကျွန်ုပ် ယခုလက်ရှိ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ကောင်းမွန်စွာ ချီးမွမ်းသီဆိုစေနိုင်သော စွမ်းရည် နှင့် ဘုရားသခင်ကို အာရုံပြုသော အာရုံစူးစိုက်မှု တို့ကို လျော့နည်းသွားစေမည်။ သွေဖယ်သွားစေမည်။ လမ်းလွဲသွားစေမည်ဟု သူမက ပြောခဲ့ပါသည်။

ပြီးတော့ သူမ ဘာဆက်ပြောသလဲဆိုရင် –

အို ကျွန်ုပ်ဝိဉာဉ်သည် ရှင်လန်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်။ ကျွန်ုပ်သည် မျက်စိဖြင့် မမြင်နိုင်သော်လည်း၊ ဤလောက၌ ကျွန်ုပ်သည် ကျေနပ်ရောင့်ရဲ တင်းတိမ် ဖို့ရန် ကျွန်ုပ်သည် သံသိန္နိဋ္ဌာန်ချ ထားပြီးဖြစ်ပါသည်။ အခြားသူ မခံစားရသော ဆုကျေးဇူးတော် အမြောက်အမြား တို့ကို ကျွန်ုပ်ခံစားရပါသည်။ ကျွန်ုပ် မျက်စိကန်းသောကြောင့် ယခု မျက်မှောက်ကာလ၌၎င်း၊ အနာဂါတ်ကာလ၌၎င်း၊ ငါဝမ်းနည်းကြေကွဲငိုယိုမည် မဟုတ်။ မြည်တွန်တောက်တီး၊ ယူကျုံးမရ၊ သက်ပြင်းချမည် မဟုတ်ပါ။ ကျွန်ုပ်တို့ ဤဓမ္မသီချင်းစာသား၏ အဓိပ္ပါယ်ကို အသေးစိတ် စဉ်းစားကြည့်ရကြပါစို့။

### ပထမအအပိုဒ်

ကယ်တင်ရှင် ကျွန်ုပ်ကို လမ်းပြသည်။

ကျွန်ုပ်ဘာတောင့်တရန်ရှိသေးသနည်း။

ဘဝလမ်းတလျှောက်လုံးလမ်းပြတော်မူသော ကိုယ်တော်ရှင်၏ နူးညံ့သိမ်မွေ့ သနားကြင်နာသော ကရုဏာတော်ကို ကျွန်ုပ် ယုံမှား သံသယ ဖြစ်သင့်သလား။

သို့လောသို့လော၊ ဝိုးတိုးဝါးတား၊ စနောင့်စနင်း၊ ဇဝေဇဝါ၊ စိတ်တထင့်ထင့်၊ စိတ်တလေးလေး၊ စိုးရိမ်မကင်း ဖြစ်နေသလား။

ကောင်းကင်ဘုံ၏ငြိမ်သက်ခြင်း နှင့် ဘုရားသခင်မှဆင်းသက်သော ကောင်းမြတ်သည့်နှစ်သိမ့်ခြင်း၊ တို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၌ တည်ရှိပါသည်။ ကျွန်ုပ်သိပါသည်။ ကျွန်ုပ်အပေါ် ဘာဘဲ ကြုံတွေ့ရ၊ ကြုံတွေ့ရ၊ သခင်ခရစ်တော် ယေရှုသည် အရာအားလုံး၊ အရာခပ်သိမ်းကို ကောင်းမွန်စွာ စီရင်ဆောင်ရွက်မည် ဖြစ်ပါသည်။

### ဒုတိယအအပိုဒ်

ကယ်တင်ရှင် ကျွန်ုပ်ကို လမ်းပြသည်။

ကွေ့ကောက်သောဘဝလမ်းကြောင်းကို ကျွန်ုပ်ကျော်နင်း လျှောက်လှမ်းစဉ်ခါ ကျွန်ုပ်ကို ထောက်မအားပေးလျက်နှင့်ပင်။

စုံစမ်းနှောက်ယှက်မှုတိုင်းကို ခံနိုင်ဘို့ရာ ကျေးဇူးတော်ချပေးတော်မူသည်။

ကျွန်ုပ်ကို အသက်မုန့် ကျွေးတော်မူသည်။

ကျွန်ုပ်ခြေလှမ်း ပင်ပန်းမောဟိုက် နွမ်းခွေချိနဲ့ ယိမ်းယိုင်သော်လည်း ကျွန်ုပ်ဝိဉာဉ် အာသာငန်းငန်း ရေငတ်ရေဆာနေသော်လည်း ခွန်အားပြည့်လျက် မောပန်းခြင်းကင်းစေရန်၊ သောက်ဖို့ ကျွန်ုပ်ရှေ့ရှိကျောက်မှ တသွင်သွင်စီးနေသော ဝမ်းမြောက်ဘွယ်ရာ သက်စမ်းရေတွင်းကို မြင်ရပြီ။

### တတိယအပိုဒ်

ကယ်တင်ရှင် ကျွန်ုပ်ကို လမ်းပြသည်။

အို – ကိုယ်တော်၏ချစ်ခြင်းမေတ္တာသည် အလွန်ပြည့်စုံပါလား။ အထက်အဘအိမ်တော်၌ ကျွန်ုပ်လုံးဝငြိမ်သက်နားနေစိမ့်ငှါ ဂတိတော်ရှိထားပြီးဖြစ်သည်။

မပျက်စီး၊ မယိုယွင်း၊ မသေကြေနိုင်သော ကျွန်ုပ်ဝိညာဉ် အတောင်ဖြန့်လျက် အဘနိုင်ငံတော် စိုးမိုးရာအထက်ကောင်းကင်သို့ ပျံတက်သည်။ ထိုအခါ သခင်ခရစ်တော်၏ ရွှေဆောင်လမ်းပြမှုဖြင့် ကပ်ကမ္ဘာ ကုန်ဆုံးသည့်တိုင်အောင် အစဉ် သီချင်းသီဆို ကျူးအေးမည်။

~~~~~~~~~~~~~~~~~~~~ ရှာဖွေတင်ပြသူ – John Ma ~~~~~~~~~~~~~~~~~~~~







# ခြေရာ

**ရေး–ယောဟန်**

အိပ်မက်ထဲတွင် လူတစ်ယောက်သည် ကမ်းခြေတခု၌ အနားယူရန် တဲတစ်ခုသို့ ရောက်နေသည်။

သူသည် အလွန်အားနည်းသဖြင့် တဲထဲ၌ နားနေစဉ် ကမ်းခြေရှိ သဲပေါ်မှာ သူလျှောက်လာသော ခြေရာကို မြင်ရသည်။

ထိုစဉ် အပြင်သို့လှမ်းကြည့်လိုက်သောအခါ ခရစ်တော်နှင့် အတူ အခြားလူတစ်ယောက်ကိုလည်း တွေ့ရသည်။ ထိုသူသည် အလွန် ပင်ပန်းနွမ်းနယ်နေ၍ သူ့ကိုခရစ်တော်က
အလွန်ကြင်နာစွာဖြင့်
တွဲခေါ်လာသည်။

သို့ဖြစ်၍ ကမ်းခြေ ၏သဲပေါ်၌
လူနှစ်ယောက်၏ခြေရာ တွေ့ရသည်။

ပထမလူက ခရစ်တော်ကို ဤသို့ မေးလိုက်သည်။
သူ့ကို အဘယ်ကြောင့် တွဲခေါ် မလာသနည်း။

ထိုအခါ ခရစ်တော်က အလွန်ကြင်နာစွာဖြင့် ဤသို့ ပြန်လည် ဖြေကြားလိုက်သည်။

ငါ့သား လူတစ်ယောက်၏ခြေရာကို တွေ့တာနဲ့ ငါ့သား ဤတဲထဲသို့ရောက်အောင် တစ်ယောက်တည်းလျှောက် လာတာလို့ မထင်နဲ့။ ငါ့သား အလွန်ဖျားနာပြီး မူးမေ့နေလို့ ငါ့သားကို ချီမပြီး ဤတဲထဲသို့ ရောက်အောင်ပို့လာပြီး နေကောင်းအောင် ဆေးကု ပေးတယ်။ ဒါကြောင့် ငါ့သား လူတစ်ယောက်ရဲ့ ခြေရာကိုဘဲ မြင်ရတာပါ။

ဤအဖြေကိုကြားသောအခါ သူသည် ဇောချွေးပြန်၍ လန့်ဖြန့်ပြီး နိုးလာသည်။

ခရစ်တော်ဘုရားသည် မိမိအပါအဝင် လောကသားအား လုံးကို အလွန်ချစ်ကြောင်း ပို၍ နားလည်လာသည်။
~~~~~~~~~~~~~~~~~~~~

# Motherly Love

Spiritual Lesson Guide

11th May, 2014

**A) Greetings and opening prayer**

**……………………………………………………………………….**

**C) Teaching Steps on "Motherly Love"**

**1) Life Need (Hook) (Do you agree with the followings quotations about MOTHERS?)**

(a) God could not be everywhere and therefore he made mothers. (Jewish proverb)
(b) My mother was the most beautiful woman I ever saw. All I am I owe to my mother. I attribute all my success in life to the moral, intellectual and physical education I received from her. [(George Washington, (1732-1799)].
(c) I remember my mother's prayers and they have always followed me. They have clung to me all my life. (Abraham Lincoln)
(d) The mother's heart is the child's schoolroom. [(Henry Ward Beecher (1813-1887)]
(e) The most important thing a father can do for his children is to love their mother. (Author Unknown)
(f) My mother had a slender, small body, but a large heart - a heart so large that everybody's joys found welcome in it, and hospitable accommodation. (Mark Twain)
(g) The older I become, the more I think about my mother. (Ingmar Bergman)

**2) Bible Learning (Ask volunteers to read the following scriptural verses loudly) (Book)**

(a) And she (Hannah) made a vow, saying, "LORD Almighty, if you will only look on your servant's misery and remember me, and not forget your servant but give her a son, then I will give him to the LORD for all the days of his life, and no razor will ever be used on his head" (1 Samuel 1:11).

- Mothers have strong faith in God.

(b) I prayed for this child, and the LORD has granted me what I asked of him. So now I give him to the LORD. For his whole life he will be given over to the LORD (1 Samuel 1:27-28).

- Mothers dedicate their entire lives and future to God by keeping their promises with God.

(c) A wife of noble character who can find? She is worth far more than rubies. Her husband has full confidence in her and lacks nothing of value. She brings him good, not harm, all the days of her life. She selects wool and flax and works with eager hands. She is like the merchant ships, bringing her food from afar. She gets up while it is still night; she provides food for her family (Proverbs 31:10-15).

- Because of their reverence for God, mothers have good character, great wisdom, great compassion, and many skills. In addition, mothers are manufacturers, importers, managers, realtors, farmers, seamstresses (tailors), upholsterers (carpenters), and merchants.

(d) She opens her arms to the poor and extends her hands to the needy. When it snows, she has no fear for her household; for all of them are clothed in scarlet. She makes coverings for her bed; she is clothed in fine linen and purple (Proverbs 31:20-22).

- Mothers are always ready to help us and the needy.

(e) I am reminded of your sincere faith, which first lived in your grandmother Lois and in your mother Eunice and, I am persuaded, now lives in you also (2 Timothy 1:5).

- The strong faith of mothers is powerful.

(f) Honor your father and your mother, so that you may live long in the land the LORD your God is giving you (Exodus 20:12).

- Honoring and respecting our parents result in a peaceful life with great blessings.

(g) My son, keep your father's command and do not forsake your mother's teaching. Bind them always on your heart; fasten them around your neck. When you walk, they will guide you; when you sleep, they will watch over you; when you awake, they will speak to you (Proverbs 6:20-22).

- Following the instructions of our parents will bless you forevermore (will be of a great blessing).

**3) Bible Application (Look)**

(1) In order to have a strong faith, learn from your (godly) mother who has a great (strong) faith in God.
(2) Dedicate your life to God by keeping your promises like your mother.
(3) Always revere God and your parents, then you will have a blessed and prosperous life.
(4) Always ready to wide open your hearts and extend your helping hands like your parents.
(5) Equip yourself by learning from God and your parents.
(6) Always respect and honor your parents so that your life will be peaceful and blessed.
(7) Always open your ears to listen to and follow the instructions of your parents.

**4) Life Response (Took)**

(a) Write a paragraph to honor your mom.
(b) Honor your mom by reading the following poems (We will read these poems, if we are allowed).

**What "Mother" Means**

"Mother" is such a simple word, But to me there's meaning seldom heard.
For everything I am today, My mother's love showed me the way.
I'll love my mother all my days, For enriching my life in so many ways.
She set me straight and then set me free, And that's what the word "mother" means to me.
Thanks for being a wonderful mother, Mom! ***(By Karl Fuchs)***

**Extra Special Mom**

Mom, you've always been the best
A better mom than all the rest.
I'm thankful for all the things you do
I'm glad my mom is extra special you!
On Mother's Day, I want you to know
You're the greatest mom, and I love you so.
There's one more thing I want to say:
I wish you Happy Mother's Day!
**(By Joanna Fuchs)**

**……………………………………………………..**

**I Learned From You**

I learned about love from you,
Watching your caring ways.
I learned about joy from you
In fun-filled yesterdays.
From you I learned forgiving
Of faults both big and small.
I learned what I know about living
From you, as you gave life your all.
The example you set is still with me
I'd never want any other.
I'm thankful for all that you taught me,
And I'm blessed to call you "Mother."
***(By Joanna Fuchs)***

**………………………………………………………**

**Mommy, I Love You**

Mommy, I know you love me
By the way you show you care.
You hug me and talk to me softly;
When I need you, you're always there.
Mommy, I'll love you always
From my heart, I want to say
I'm so glad you are my mommy;
Happy Mother's Day!
***(By Joanna Fuchs)***

**D) Song "Mommy"**

Mommy, You know how much I love you, I need you forever, I'll stay by your side

Mommy, Oh, Mommy, I won't always be sure, but I never stop trying to be your number one.

You understand me, you teach me how to pray, and you play the games I love to play

I have no fear, when you are near; you guide me through the darkness night

**(Cho)**

I love you Mommy, You are my hero (you are always in my dream)

I love you Mommy, Oh Mommy, you are my Super Star.

**E) Announcement**

For the next week (3rd week of May), think about "Agape Love: You Will Never Walk Alone" topic in your life.

**F) Words of thanks and closing prayer**

**…………………………………S' Joseph (Biola) ……..**